# ဒုတိယကမ္ဘာစစ်အတွင်းမြန်မာနိုင်ငံ၌ကျဆုံးသွားခဲ့သူများ၏ကြွင်းကျန်နေသောအရိုးများနှင့်ပတ်သက်သော သတင်းအချက်အလက်များကိုစုဆောင်းခြင်းလှုပ်ရှားမှုနှင့်ပတ်သက်၍ (ဂျပန်အစိုးရနှင့် JARRWC အသင်းမှအကူအညီတောင်းခံခြင်း)

စစ်အတွင်းကျဆုံးသွားခဲ့သူများ၏ ကြွင်းကျန်နေသော အရိုးများကို ပြန်လည်ကောက်ယူနိုင်ရန်နှင့် မူလနေရပ်များသို့ ပြန်လည်ပို့ဆောင်ပေးရန်အသင်း(Japan Association for Recovery and Repatriation of War Casualties) (အောက်တွင်-ဤအသင်းဟုအသုံးပြုပါမည်)သည်ဂျပန်အစိုးရကဆောင်ရွက်လျက်ရှိသောစစ်အတွင်းကျဆုံးသွားခဲ့သူများ၏အရိုးကောက်ခြင်းနှင့်၎င်းတို့နှင့်ဆက်နွယ်လျက်ရှိသောလုပ်ငန်းများအပေါ်၌လိုအပ်သောအကူအညီများကိုကူညီပေးခြင်းဖြင့်ဤလုပ်ငန်းများကိုပိုမိုတိုးတက်စေရန်နှင့်ဤလုပ်ငန်းများမှတဆင့်အရိုးကောက်ခြင်းနှင့်ဆက်နွယ်နေသောနိုင်ငံအသီးသီး၏နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုပိုမိုတိုးတက်စေရန်ရည်ရွယ်ကာ 1.7.2016၌စတင်တည်ထောင်ခဲ့ပါသည်။

ဤအသင်း၌19.8.2016တွင်ဂျပန်နိုင်ငံအစိုးရထံမှအရိုးကြွင်းကိုကောက်ယူနိုင်သည့်တခုတည်းသောအဖွဲ့အစည်းအဖြစ်အသိအမှတ်ပြုခံရပြီးစစ်အတွင်းကျဆုံးသွားခဲ့သူများ၏အရိုးကြွင်းများကိုကောက်ယူရန်နှင့်ဂျပန်နိုင်ငံသို့ပြန်လည်ယူဆောင်လာခြင်းလုပ်ငန်းများကို လုပ်ဆောင်ကာစစ်အတွင်းကျဆုံးခဲ့သူများ၏ကြွင်းကျန်နေသောအရိုးများကိုပိုမိုကောက်ယူနိုင်ရန်ဆောင်ရွက်လျက်ရှိပါသည်။

ဂျပန်အစိုးရသည်1952ခုနှစ်မှစတင်၍ အင်္ဂလိပ်စစ်သားများနှင့်စစ်ဖြစ်ပွားခဲ့သောဒေသရှိအစိုးရဌာနအသီးသီးမှရရှိလာခဲ့သော သတင်းအချက်အလက်များကိုအခြေခံကာစစ်အတွင်းကျဆုံးခဲ့သည့်စစ်သားများ၏အရိုးများကိုကောက်ယူကာဂျပန်နိုင်ငံသို့ပြန်လည်ယူဆောင်လာပြီးဂျပန်နိုင်ငံအတွင်း၌အောက်မေ့ဖွယ်လုပ်ငန်းများကိုလုပ်ဆောင်ပေးခဲ့ပါသည်။ သို့သော်လည်းဒုတိယကမ္ဘာစစ်ပြီးဆုံးသည်ကနှစ်ပေါင်း70ကျော်ကြာမြင့်လာခဲ့သည့်အတွက် ကြွင်းကျန်နေသောအရိုးများနှင့်ပတ်သက်သည့် သတင်းအချက်အလက်စုဆောင်းရရှိခြင်းကနည်းပါလာသည့်အတွက်ကြောင့်ကြွင်းကျန် နေသည့်အရိုးများကိုကောက်ယူနိုင်ရန်ပိုမိုခက်ခဲလာပါသည်။

အထက်ပါအကြောင်းအမျိုးမျိုးကြောင့် ဤအသင်းသည် မြန်မာနိုင်ငံတွင်ကျဆုံးလေပြီးသော စစ်သားများ၏အရိုးကြွင်းများနှင့် သက်ဆိုင်သည့်သတင်းအချက်အလက်များကိုပိုမိုရရှိနိုင်ရန်အတွက်လုပ်ငန်းများကိုစတင်လုပ်ဆောင်ခဲ့ပါသည်။ဂျပန်အစိုးရအနေဖြင့် ရရှိထားသည့်သတင်းအချက်အလက်များအရမြန်မာနိုင်ငံတွင်ကျဆုံးခဲ့သောစစ်သည်များစာရင်းနှင့်အစိုးရမှ စေလွှတ်ခဲ့သောအဖွဲ့က ပြန်လည်ယူဆောင်လာခဲ့သည့် အရိုးစုပေါင်းစာရင်းနှင့်ကျန်ရှိနေသောအရိုးကြွင်း၏စာရင်းအရေအတွက်မှာအောက်ပါအတိုင်း ဖြစ်ပါသည်။

| ဒေသ | | ကျဆုံးခဲ့သော စစ်သားဦးရေ | ပြန်လည်ယူဆောင်လာခဲ့သော အရိုးစုပေါင်း၏အရေအတွက် | ကျန်ရှိနေသောအရိုးကြွင်း ၏အရေအတွက် |
|---|---|---|---|---|
| မြန်မာ | မြစ်ကြီးနားမြို့အနီးတဝိုက် | ၁၃၇၀၀၀ ဦး | ၄၈၆၃တိုင် | ၄၅၅၈၀တိုင် |
| | ကလေးမြို့အနီးတဝိုက် | | ၁၃၁၄၁တိုင် | |
| | မိတ္ထီလာမြို့အနီးတဝိုက် | | ၄၄၃၂တိုင် | |
| | မော်လမြိုင်မြို့အနီးတဝိုက် | | ၇၈၆၈တိုင် | |

ဂျပန်အစိုးရနှင့် ဤအသင်းကဆောင်ရွက်နေသော အရိုးကြွင်းကောက်ယူခြင်းသည် (ကျဆုံးလေပြီးသောသူများ၏အရိုးကို ကျန်ရစ်သူမိသားစုထံပြန်ပို့ပေးခြင်းဖြင့် သေလွန်သူတို့ကဘဝတပါးသို့ကောင်းမွန်စွာကူးပြောင်းနိုင်ရန်) ဆိုသည့်ဂျပန်လူမျိုးတို့၏ ဓလေ့ထုံးစံအရကျန်ရစ်သူမိသားစုများကပြင်းပြစွာတောင်းဆိုမှုကြောင့်ဆောင်ရွက်နေသောလုပ်ငန်းသာဖြစ်ပြီးကြွင်းကျန်နေသောအရိုးများကို စုကောက်ကာယူပြန်ရန်အပြင်အခြား မည်သည့်ရည်ရွယ်ချက်မှမရှိပါ။

လက်တွေ့ကျကျ ပြောရမည်ဆိုပါက၊ မိမိတို့၏အနီးအနားရှိ မြို့ရွာပတ်ဝန်းကျင်တွင် ဂျပန်စစ်သားများနှင့် သက်ဆိုင်သော သတင်းအချက်အလက်များရရှိလာပါက အတတ်နိုင်ဆုံး ဂျပန်အစိုးရကပြုစုထားသည့်စာရွက်ပုံစံ(သီးခြားစာရွက်)ကို အခြေခံကာ မျက်နှာဖုံးရှိဆက်သွယ်ရန်ဌာနသို့ ဆက်သွယ်ပေးစေလိုပါသည်။ ထို့အပြင်ဂျပန်လူမျိုး၏အရိုးဟုယူဆသောအရိုးကိုတွေ့ရှိခဲ့ပါက ထိုအရိုးများကိုဓာတ်ခွဲခန်းတွင်စမ်းသပ်ရန်လိုအပ်ပါသဖြင့်တွေ့ရှိသောအရိုးများကိုတနေရာတည်းသို့စုစည်းလိုက်ခြင်းအစရှိသည်တို့ ကိုမပြုလုပ်ဘဲ တွေ့ရှိသည့် အနေအထားအတိုင်း အကြောင်းကြားပေးစေလိုပါသည်။

ဤကဲ့သို့ဂျပန်အစိုးရနှင့်မိမိတို့၏အသင်းဆောင်ရွက်မှုများကိုလူသားချင်းစာနာသည့်အနေဖြင့်နားလည်ပေးရန်နှင့်ဆက်လက်ကူညီပေးရန်တောင်းဆိုအပ်ပါသည်။